ပေါက်ဖော်ချစ်ကြည်ရေး

# မြန်မာနိုင်ငံပုဂံတွင် တရုတ်ဝန်ကြီးချုပ်ချူအင်လိုင်းကို ရည်စူးလှူဒါန်း





၂၀၁၇ခုနှစ် ဇန်နဝါရီလ(၈)ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ်ဟောင်း ချူအင်လိုင်းကွယ်လွန်ပြီး(၄၁)နှစ်ကို အထိမ်းအမှတ်ထား၍ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း၊ မြန်မာနိုင်ငံအခြေစိုက်တရုတ်သံရုံး(ကောင်စစ်ဝန်ချုပ်ရုံး)၊ မြန်မာနိုင်ငံဖွားတရုတ်လူမျိုး ပရဟိတအသင်းနှင့် ဖောင်ဒေးရှင်းစသည့်အဖွဲ့အစည်းများသည် ပုဂံရွှေစည်းခုံဘုရားတွင် အတူပူးပေါင်းကာ ခမ်းနားကြီးကျယ်သော ဗုဒ္ဓဘာသာလှူဒါန်းပွဲအခမ်းအနားကို ကျင်းပခဲ့သည်။ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းဗဟိုဥက္ကဋ္ဌ ဦးစိန်ဝင်းအောင်၊ နေပြည်တော်မြို့အခြေစိုက်တရုတ်နိုင်ငံသံရုံးမှသံမှူး လီရှောင်ရမ်၊ မန္တလေးမြို့အခြေစိုက်တရုတ်ကောင်စစ်ဝန်ချုပ်ရုံးမှကောင်စစ်ဝန်ချုပ်ဝမ်ကျုံရင်၊ မြန်မာနိုင်ငံ တရုတ်လူမျိုးဖောင်ဒေးရှင်းဥက္ကဋ္ဌလိုက်စုံးစိမ်း၊ မန္တလေးမြို့ကြင်းတော်ယန် ပရဟိတအသင်းဥက္ကဋ္ဌ ဦးမောင်မောင်နှင့် ရန်ကုန်မြို့၊ မန္တလေးမြို့ ဖောင်ဒေးရှင်းအဖွဲ့ ပရဟိတအသင်းမှ အဖွဲ့ဝင်များ၊ ကြင်းတောယန်အမျိုးသမီးပရဟိတအသင်း၊ Oversea Chinese serve center၊ ကွန် ယက်《ပေါက်ဖော်》အဖွဲ့များစသည့် လူဦးရေတစ်ရာကျော်ဖြင့်ဖွဲ့စည်းထားသော ဗုဒ္ဓတရားအသင်းများသည် အဆိုပါဗုဒ္ဓဘာသာအခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။

ကွယ်လွန်သူ တရုတ်နိုင်ငံဝန်ကြီးချုပ်ဟောင်းချူအင်လိုင်းသည် တရုတ်-မြန်မာ ချစ်ကြည်ရေးလုပ်ငန်းအတွက် အကျိုးစွမ်းဆောင်မှုများစွာဆောင်ရွက်ခဲ့သည်။ ၁၉၆၁ခုနှစ်တွင် ဝန်ကြီးချုပ်ချူအင်လိုင်းသည် မြန်မာနိုင်ငံသို့လည်ပတ်ရောက်ရှိခဲ့သည်။ မြန်မာနိုင်ငံဦးနုဝန်ကြီးချုပ်နှင့်အတူ မြန်မာနိုင်ငံအမည်ကျော်ရှေးဟောင်းမြို့တော် စေတီအများအပြားတည်ရှိရာပုဂံသို့ ရောက်ရှိခဲ့သည်။ မြန်မာပြည်သူပြည်သားများသည် ထိုအချိန် ဝန်ကြီးချုပ်ချူအင်လိုင်းလှူဒါန်းသော အလှူငွေများဖြင့် ပုဂံမြို့အကြီးကျယ်အခမ်းနားဆုံး ရွှေစည်းခုံစေတီတော်နားဘေးတွင် ဓမ္မရုံတစ်ခုကိုတည်ဆောက်ခဲ့သည်။ အဆိုပါဓမ္မာရုံပေါ်တွင် ထင်ရှားစွာ ရေးသားထုထွင်ထားသောစာသားများသည် ယခုအချိန်ထိတိုင်တွေ့မြင်နိုင်ပါသည်။ 'တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ်ချူအင်လိုင်း၏ အလှူငွေနှင့် ပြည်သူလူထုအလှူငွေများဖြင့် ပြုပြင်တည်ဆောက်ထားသည်။' ဟု ရေးသားထားပြီး '၁၉၆၁ခုနှစ် ဇန်နဝါရီလ (၈)ရက်နေ့' ရက်စွဲကိုလည်း ထင်ရှားစွာ ဖော်ထွင်းထားပါသည်။ အဆိုပါရက်စွဲသည် ဝန်ကြီးချုပ်ချူအင်လိုင်းကွယ်လွန်ခဲ့သည့် ၁၉၇၆ခုနှစ်ဇန်နဝါရီလ(၈)ရက်နေ့နှင့် မထင်မှတ်ဘဲတိုက်ဆိုင်နေပါသည်။ ၂၀၁၆ ခုနှစ်တွင် အဆိုပါဓမ္မရုံကို ပြန်လည်ပြုပြင်ထိန်းသိမ်းရန် မြန်မာနိုင်ငံအခြေစိုက်တရုတ်သံရုံးသည် မန္တလေးမြို့အခြေစိုက်ကောင်စစ်ဝန်ရုံးကို တာဝန်ပေးအပ်ခဲ့သည်။ ၂၀၁၆ခုနှစ်စက်တင်ဘာလတွင် အဆိုပါဓမ္မရုံ ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ အောင်မြင်စွာပြီးဆုံးခဲ့သည်။ အဆိုပါဓမ္မရုံသည် 'ချူအင်လိုင်းအမှတ်တရဓမ္မာရုံအဖြစ်မြန်မာနိုင်ငံတွင် ရာသက်ပန်ထာဝရတည်ရှိမည်ဖြစ်သည်။

အသက်(၈၀)ကျော်ရှိသော၊ မြန်မာပြည်ဖွားသော ကြင်းတော်ယန်ပရဟိတအသင်းချုပ်ဥက္ကဋ္ဌဖြစ်သူ ဦးမောင်မောင်သည် စိတ်လှုပ်ရှားစွာပြောကြားသည်မှာ--ဝန်ကြီးချုပ်ချူအင်လိုင်းသည် အလွန်တော်သောဝန်ကြီးချုပ်တစ်ဦးဖြစ်သည်။ သူသည်တရုတ်မြန်မာနှစ်နိုင်ငံချစ်ကြည်ရေးလုပ်ငန်းအတွက် အစွမ်းကုန်ကြိုးပမ်းအားထုတ်ခဲ့ပါသည်။-

မြန်ဟွာကွန်ယက်မန်နေဂျာဒါရိုက်တာ မစ္စတာချိန်မင်ခွန်က ထိုကဲ့သို့ပြောသည်။ -ဝန်ကြီးချုပ်ချူအင်လိုင်းကွယ်လွန်ပြီးနောက် မည်သည့်အရာမျှချန်ရစ်မထားပေ။ သူ့အရိုးပြာကိုလည်းအမိနိုင်ငံတော်မြေပေါ်သို့ကြဲချခဲ့သည်။ ၎င်းဓမ္မာရုံတစ်ခုတည်းသာ ကျွန်တော်တို့မြန်မာနိုင်ငံတွင် ကျန်ရစ်နေသည်။ ကျွန်တော်တို့အတွက်အမြဲအမှတ်တရဖြစ်စေပါသည်။

# တရုတ်နိုင်ငံအစိုးရသည် မြန်မာနိုင်ငံငြိမ်းချမ်းတည်ငြိမ်ရေးအတွက် ထောက်ပံ့ကြေးငွေပေးအပ်



ဇန်နဝါရီလ(၅)ရက်နေ့တွင် မြန်မာနိုင်ငံအခြေစိုက် တရုတ်သံရုံးနှင့်မြန်မာနိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနတို့သည် နေပြည်တော်တွင် တရုတ်နိုင်ငံအစိုးရမှ မြန်မာနိုင်ငံငြိမ်းချမ်းတည်ငြိမ်ရန်အတွက် ထောက်ပံ့ကြေးငွေပေးအပ်ပွဲကိုကျင်းပခဲ့သည်။ မြန်မာနိုင်ငံအခြေစိုက်တရုတ်သံအမတ်ဟုန်လျန်းသည် တရုတ်နိုင်ငံတော်ကိုယ်စားပြီး မြန်မာနိုင်ငံအစိုးရထံသို့ ပထမအရစ်ဒေါ်လာ(၁၀)သိန်းထောက်ပံ့ငွေကိုပေးအပ်ခဲ့သည်။ မြန်မာနိုင်ငံနိုင်ငံခြားရေးဝန်ကြီး အမြဲအတွင်းရေးမှူး ကျော်ဇေယျသည် မြန်မာနိုင်ငံအစိုးရကိုယ်စားပြီး ထောက်ပံ့ငွေကြေးကိုလက်ခံခဲ့ပြီး တရုတ်နိုင်ငံထောက်ပံ့မှုပေးသည့်အတွက် ကျေးဇူးတင်ကြောင်းဖော်ပြပါသည်။